### ၁၃။ ဆန္ဒအလျောက်ထည့်ဝင်လျှုဒါန်းခြင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်

၂၂။ ဆန္ဒအလျောက် မြေယာလှူဒါန်းမှု အရေအတွက်မှာ ၂၄၈ ခု ဖြစ်ပါသည်။ မြို့နယ်အလိုက် အသေးစိတ် အချက်အလက်များအား ဇယား (၁၀) ဖြင့်ဖော်ပြထားပါသည်။

**၁၄။ အစီရင်ခံထားသော သုံးလပတ်အတွင်းကြုံတွေ့ခဲ့ရသောအခက်အခဲများ**

**၂၃။ (က) နည်းပညာပံ့ပိုးမှုအခက်အခဲများ**

**ထီးလင်းမြို့နယ်**

Regional Infra များနှင့် ROC တို့သည် လစဉ် ပုံမှန် လာရောက်ကွင်းဆင်းပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးခြင်း၊ စီမံကိန်းကျေးရွာများရှိ စီမံကိန်းလုပ်ငန်းခွဲများအား ကွင်းဆင်းစစ်ဆေးခြင်း၊ ကျေးရွာလူထု/ကော်မတီများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အကြံဉာဏ်များပေးခြင်း၊ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး လုပ်ငန်းဆိုင်ရာကိစ္စများ ညှိနှိုင်းဆွေးနွေး အကြံပေးခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် နည်းပညာပိုင်းဆိုင်ရာများတွင် အခက်အခဲမရှိ ဆောင်ရွက် နိုင်ခဲ့ပါသည်။

**ပန်းတောင်းမြို့နယ်**

ပန်းတောင်းမြို့နယ်တွင် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများ အရေအသွေးကောင်းမွန်ရန်အတွက် EPC ဌာနနှင့် ချိတ်ဆက် လုပ်ကိုင် ရပြီး ၎င်းဌာန၏ ဌာနလုပ်ငန်းများပြီးစီးမှသာ ဆောင်ရွက်ပေးသောကြောင့် လုပ်ငန်း ပြီးစီးရန် ကျန့်ကြာမှုများ ရှိပါသည်။

**သဲကုန်းမြို့နယ်**

သဲကုန်းမြို့နယ်တွင် ထန်းပင်မှော်ကျေးရွာအုပ်စု၊ ထန်းပင်မှော်ကျေးရွာနှင့် ကန်ကြီးကျေးရွာ(၂)ရွာရှိ မြေသားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများမှာ အလယ်၌ရှိသော မြောင်းများကို ပြုလုပ်ရမည် ဖြစ်သဖြင့် မိုးတွင်းကာလတွင်ရေဝပ်၍ ဆုံးရှုံးမှုဖြစ်နိုင် သောကြောင့် ၎င်းလုပ်ငန်း (၂)ခုမှာ ၂၀၂၀ ခုနှစ် နိုဝင်ဘာလမှသာ စီမံကိန်း ဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။

**ကျောက်တန်းမြို့နယ်**

မိုးတွင်းကာလဖြစ်သောကြောင့် တံတားများဆောက်လုပ်ရာတွင် အချိန်နှောင့်နှေး ကြန့်ကြာခြင်း။ စီမံကိန်းမှာ နောက်ဆုံးနှစ်ဖြစ်သောကြောင့် ကျေးရွာသားများမှာ သက်ဆိုင်ရာဘက်အခြမ်း မပြီးစီးမှာစိုးသောကြောင့် သူ့ဘက် ကိုယ့်ဘက် လုကြ၍ လုပ်ငန်းများ ရပ်တန့်ထားရပြီး ပြန်လည်ဖြေရှင်းရခြင်း၊ သဘောတူညီချက် ပြန်လည်ရယူပြီး လုပ်ငန်းပြန်လည် ဆောင်ရွက် ရသဖြင့် နှောင့်နှေးကြန့်ကြာခြင်း။

COVID 19 ရောဂါကာကွယ်နှင့် ပတ်သက်သည့် Stay at Home စီမံချက်ကြောင့် လုပ်ငန်းများ ရပ်ဆိုင်းထားရသဖြင့် လုပ်ငန်းများ အပြီးမသတ်နိုင်ခြင်း။လုပ်ငန်းခွဲများ ရပ်ဆိုင်းထားရသောကြောင့် လူထုစစ်ဆေးပွဲများပြုလုပ်ခြင်းနှင့် မပြုလုပ်နိုင်ခြင်း။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး**

နည်းပညာစည်းရုံးရေးမှူးများသည် အသစ်များဖြစ်ပြီး အတွေ့အကြုံနည်းခြင်းကြောင့် ခန့်မှန်းကုန်ကျစရိတ်တွက်ချက်ခြင်းနှင့် ဒီဇိုင်းများရေးဆွဲရန် အချိန်ပေးသည့် ကာလထက် အနည်းငယ်နောက်ကျနေသည်ကို တွေ့ရှိရပါသည်။

စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အချို့သော နည်းပညာ စည်းရုံးရေးဝန်ထမ်းများသည် လုပ်ငန်းအတွေ့အကြုံ အားနည်းခြင်း ကြောင့် အနည်းငယ် အားနည်းချက်ရှိသည်ကိုတွေ့ရပါသည်။ ပြည်နယ်အင်/ယာနှင့် မြို့နယ်အင်/ယာ များမှလည်း ကူညီပံ့ပိုးဆောင်ရွက်လျှက်ရှိကြပါသည်။

စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်စဉ်တွင် ခန့်မှန်းတွက်ချက်ထားသည့် အတိုင်း ကုန်ကျမှုနည်းပါးပြီး ပိုငွေများထွက်လာခြင်းကြောင့် ထပ်တိုးလုပ်ငန်းများ လုပ်ဆောင်ရာတွင် သက်ဆိုင်ရာ အင်/ယာအဖွဲ့မှ ကူညီဆောင်ရွက်လျှက်ရှိပါသည်။

## မတူပီမြို့နယ်

အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည် ဖော်ဆောင်ရွက်ရေး အတွက် ဒီဇိုင်း၊ တွက်ချက်မှုများ တွက်ချက်ရေးနှင့် လုပ်ငန်း ကြီးကြပ်ရေးလုပ်ငန်းစဉ်အတွက် ကျွမ်းကျင်ဝန်ထမ်းများမရှိသဖြင့် အခက်အခဲများ တွေ့ရသည်။

## တွန်းဇံမြို့နယ်

တွန်းဇံမြို့နယ်တွင် ခန့်အပ်ထားသည့် လက်ထောက်နည်းပညာမှူးများသည် Civil (မြို့ပြ အင်ဂျင်နီယာ) ဖြစ်သည့်အတွက် လျှပ်စစ် မီးလင်းရေးနှင့် ပတ်သက်၍ အတွေ့အကြုံ မရှိသည့် အတွက် မီးလင်းရေး လုပ်ငန်းများ (ဆိုလာ၊ ရေအားလျှပ်စစ်) ဆောင်ရွက်ရာတွင် အခက်အခဲ များရှိပါသည်။ PC-21 (သောက်သုံးရေ အရည်အသွေးစစ်တမ်း) စမ်းသပ်ရာတွင် ပါရှိသည့် အမှတ်စဉ် အားလုံး အသုံးပြုရမည့် ဆေးများ ပြည့်စုံစွာ မရှိသည့်အတွက် စစ်ဆေးရမည့် အရေအတွက်ကို ပြည့်စုံစွာ စစ်ဆေးဆောင်ရွက်မှု မပြုလုပ်နိုင်ခဲ့ပါ။

တွန်းဇံမြို့နယ် လူထုဗဟိုပြုစီမံကိန်းသည် တတိယနှစ်စက်ဝန်းတွင် အကောင်အထည် ဖော်ဆောင်ရွက်လျက် ရှိသည့် အတွက် Operation and Maintenance training for CF and TF သင်တန်းများ မဆောင်ရွက်နိုင်ခြင်းကြောင့် စတုတ္ထနှစ်စက်ဝန်းအတွက် လည်ပတ်ပြုပြင် ထိန်းသိမ်းရေး ကော်မတီ ဖွဲ့စည်းခြင်းနှင့် သင်တန်းပေးရန် အခက်အခဲ များ ရှိပါသည်။

## ခနေဖြူမြို့နယ်

ခနေဖြူမြို့နယ်**သည်** TVS ,DT အပိုပစ္စည်းများ အလွယ်တကူဝယ်ယူရရှိနိုင်မှု ခက်ခဲခြင်း၊ Computer များ Servicing လုပ်ရန် IT ကျွမ်းကျင်သူတစ်ဦး ရုံးသို့ လာရောက် စစ်ဆေး ပေးနိုင်ပါက ပိုမိုအဆင်ပြေမည်ဖြစ်ပါသည်။

## မိုးကောင်းမြို့နယ်

ယခုသုံးလပတ်သည်စတုတ္ထနှစ်စက်ဝန်း၏SPများပြီးစီးရန်အကောင်ထည်ဖေါ်နေချိန်မိုးတွင်း ကာလဖြစ်သဖြင့်အဆောက်အဦများ အတွက် လုပ်ငန်းနှောင့်နှေးပါသည်။ ပစ္စည်းဈေးနှုန်းအနည်းငယ် ဈေးတက်ပါသည်။ Monitoring ဆင်းနေဆဲကာလလည်း ဖြစ်ပြီးအကူအညီလိုအပ်ပါက ပြည်နယ် အကြံပေး၊ ပြည်နယ်Infra နှင့်၊ မြို့နယ်Infra များကကူညီပေးပါသည်။ (၄) နှစ်စာ စာရင်းဇယားများ စုံလင်အောင် ဆောင်ရွက် နေရပါသည်။

## ရွှေကူမြို့နယ်

ကိုဗစ်(၁၉) ကပ်ရောဂါကာလအတွင်း လူစုလူဝေးအစည်းအဝေးများ ဆောင်ရွက်နိုင် ခြင်းမရှိပါသောကြောင့် COVID-19 ကာလ စီမံကိန်းအကောင်အထည်ဖော်ရေး လမ်းညွှန် အတိုင်းဆောင်ရွက်လျက်ရှိပါသည်။ COVID-19 ကာလအတွင်း မြို့နယ်တစ်မြို့နယ်မှ တစ်မြို့နယ် သွားလာမှု အခက်အခဲများကြောင့် ရေသန့်စက် ဝယ်ယူခြင်း၊ တပ်ခြင်းများတွင် ပစ္စည်းများဝယ်ယူရာနှင့် တပ်ဆင်သူများ မြို့နယ်တွင်းမရှိသဖြင့် အခက်အခဲများရှိပါသည်။ ရွှေကူမြို့နယ်သည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိပြီး (၇/၂၀၂၀) လတွင် တစ်ကြိမ်၊ (၈/၂၀၂၀) လအတင် တစ်ကြိမ်၊ (၉/၂၀၂၀)လတွင် တစ်ကြိမ် စုစုပေါင်း (၃)ကြိမ်အထိ မြစ်ရေတိုးခဲ့သဖြင့် လုပ်ငန်းဆောင်ရွက်မှု ကြံ့ကြာမှု အခက်အခဲ နှင့် မြစ်ရေတက်ချိန်တွင် ဝယ်ယူစုဆောင်းထားသော သဲ၊ သဲကျောက်၊ ဘိလပ်စသည့် တည်ဆောက်ရေး ပစ္စည်းများ ရွှေ့ပြောင်းရသဖြင့် ကုန်ကျငွေ ပိုမို လာပါသည်။

## ကျွန်းလှမြို့နယ်

ကျွန်းလှမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး၏ သုံးလပတ်အတွင်း ကြုံတွေ့ရသော အခက်အခဲများမှာ Covid-19 ကန့်သတ်ချက်များကြောင့် ကျေးရွာများတွင် ညအိပ်ကွင်းဆင်းရန် ကျေးရွာမှ လက်မခံပါသဖြင့် လုပ်ငန်းခွဲများ အကောင်အထည်ဖော်ရန် အခက်အခဲကြုံတွေ့ရပါသည်။

## ကနီမြို့နယ်

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသည် Covid 19 ကူးစက်ရောဂါကြောင့် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရာတွင် ခက်ခဲခြင်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ခက်ခဲခြင်း၊ ဈေးနှုန်းအဆိုပြုလွှာများအား အခြားမြို့နယ်များသို့ ကော်မတီများ သွားရောက်ကောက်ယူရာတွင် ကူးစက်ရောဂါကြောင့် စိုးရိမ်မှုများရှိနေခြင်း မြို့နယ်ခြားသွားရာတွင် စစ်ဆေးရေးဂိတ်များမှ တောင်းခံသောထောက်ခံစာများကြောင့် သွားရောက်ရာတွင် ကော်မတီများခက်ခဲခြင်းနှင့် ကျေးရွာလူထုမှလည်း စိုးရိမ်မှုများရှိနေခြင်း၊ ပြင်ပမှ ကျွမ်းကျင်ပညာရှင်လုပ်သားများ ခေါ်ယူရာတွင် ကျေးရွာများမှ စိုးရိမ်မှုများရှိနေခြင်း၊ လူစုလူဝေးဖြင့် လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ခက်ခဲခြင်းကြောင့် လုပ်ငန်းတိုးတက်မှု နှေးကွေးနေခြင်း၊ ငွေလုံးငွေရင်းရရှိရန် ကျေးရွာအုပ်စု(၆)အုပ်စု ကျေးရွာ(၃၂) ရွာ ၏ လုပ်ငန်းခွဲများအား လုပ်ငန်းဆက်လက် လုပ်ဆောင်ရန် စောင့်ဆိုင်းနေရခြင်း၊ ပြောင်းရွှေ့ထား သော ကျေးရွာဖြစ်သော(တွင်းထဲ)ကျေးရွာသည် တွင်းထဲနှင့် တွင်းထဲ ကွက်သစ်ဟူပြီး အပိုင်းနှစ်ပိုင်း ရှိပြီး ရွှေပြောင်းထားသောအပိုင်းတွင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည် ဆိုပါက တွင်းထဲမှ ကျေးရွာလူထုမှ ကန့်ကွက်မှုများ ရှိနေခြင်း၊ ကိုဗစ်ကာလ အစည်းအဝေးများ မပြုလုပ်သောကြောင့် လုပ်ငန်းခွဲ ရွေးချယ်ခြင်းများတွင် အခက်အခဲများ ကြုံတွေ့ရခြင်း၊ လူထုစစ်ဆေးပွဲအား မူလပုံစံအတိုင်း မပြုလုပ်နိုင်သောကြောင့် ကျေးရွာလူထုမှ သိရှိလိုသည်များ ပိုမိုများပြားလာခြင်း တို့ ရှိခဲ့ပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ဒုတိယနှစ်စက်ဝန်းအတွင်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရာတွင် နည်းပညာအရ အခက်အခဲတစ်စုံ တစ်ရာမရှိပါ။ သက်ဆိုင်ရာ TF, CF နှင့် DRD/TTA ဝန်ထမ်းများမှ လစဉ်အလိုက် ကွင်းဆင်းစစ်ဆေးမှုများ ပုံမှန်ပြုလုပ် ဆောင်ရွက် နိုင်ခဲ့ပါသည်။

**ဝ မြို့နယ်**

ပထမနှစ်အတွေ့အကြုံပေါ် အခြေခံပြီး လိုအပ်သည်များကို ပြင်ဆင်နိုင်ခဲ့သဖြင့် နည်းပညာ ပိုင်းဆိုင်ရာ ထောက်ပံ့မှုများ ပိုမိုပံ့ပိုးပေးနိုင်ခဲ့ပါသည်။

**ပလက်ဝမြို့နယ်**

ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ သက်ဆိုင်ရာဝန်ထမ်းများပုံမှန်ကွင်းဆင်းပြီး နည်းပညာ အထောက်အပံ့မပေးနိုင်ခြင်း။

**ပျဉ်းမနားမြို့နယ်**

လက်ထောက်နည်းပညာမှူးများမှတင်ပြလာသော SP Estimation များကို Regional Infra Assistant မှကူညီစစ်ဆေးပြီးစီးခဲ့ပြီး ဖြစ်ပါသည်။ ရုံးတွင်းလုပ်ငန်းများနှင့် ကွင်းဆင်းလုပ်ငန်းများကို အထက်မှ ညွှန်ကြားချက်အတိုင်းတိကျ စွာလိုက်နာဆောင်ရွက်လျက်ရှိပါသည်။

**(ခ) စီမံကိန်းမှ ထောက်ပံ့သောအသုံးအဆောင်ပစ္စည်းအခက်အခဲများ**

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင် TTA (Team Leader) အသုံးပြုနေသည့် laptop မှာ ပြန်လည် ပြုပြင် ရန်အတွက် union သို့ပေးပို့ ထားပြီးယခုအချိန်ထိပြုပြင်ပေးခြင်း မရှိသေးသည့်အတွက် Laptop အခက်အခဲရှိပါသည်။

**သဲကုန်းမြို့နယ်**

သဲကုန်းမြို့နယ်၏ အခက်အခဲအနေဖြင့် Tablet (၁)လုံး ပြင်ဆင်ရန်အတွက် Union သို့ပို့ထား၊ Tablet (၂)လုံး ပျက်စီးကြောင်းကို Union သို့သတင်းပို့ထားပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

စီမံကိန်းစက်ဝန်းပြီးစီးသည်မှာ (၃) နှစ် ရှိပြီဖြစ်သောကြောင့် ဖိုင်တွဲများထားရှိရန် နေရာများ စီစဉ်ပေးသင့်ပါသည်။ (ဥပမာ။ တစ်နှစ်စာအတွက် ဖိုင်တွဲများထားရှိရန် သော့ခတ်၍ရသော ဘီဒိုများ တစ်နှစ်လျှင် Sector တစ်ခုအတွက် အနည်းဆုံး တစ်လုံးခန့်လိုအပ်ပါသည်။ (Finance, M & E, Procurement and Infra Sector များအတွက်)

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးခွဲသည် DT ဆိုင်ကယ်ကို(၁၀)စီးပံ့ပိုးပေးခဲ့ပါသည်။ သို့သော်လက်ရှိအချိန်တွင် ဆိုင်ကယ် အကြီး(၁)စီးသည် ပျက်စီးပြီး ပြန်လည်ပြင်ဆင်ရန်ကြိုးစားသော်လည်း အပိုပစ္စည်းများ မရှိခြင်းကြောင့် အခက်အခဲကြုံ တွေ့ရပါသည်။ လက်ရှိတွင် လွိုင်ကော်မြို့ရှိ ဆိုင်ကယ်ပြင်ဆိုင်တွင် ပြင်ဆင်ရန် ပေးပို့ထားပြီး ပြင်ဆင်ဆောင်ရွက်လျှက်ရှိပါသည်။

TVS ဆိုင်ကယ်များသည် အင်ဂျင်ပါဝါ (၁၁၀) သာရှိသောကြောင့် ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသ သို့ကွင်းဆင်းသွားသည့်အခါ တောင်မတက်နိုင်ခြင်းများနှင့် ကြုံတွေ့နေရပါသည်။ စီမံကိန်းမှ ပံ့ပိုးပေးသောပစ္စည်းများသည် လုပ်ငန်းများအကောင်အထည်ဖော်ရန် အတွက်လုံလောက်မှုရှိပါသည်။ ဝန်ထမ်းများသို့ပေးထားသော Tablet များသည် လုပ်ငန်းကွင်းဆင်းရာတွင် ဆိုင်ကယ်မှောက်ခြင်းကြောင့် အချို့စက်များသည် မှန်ကွဲခြင်းများ၊ ဘက်ထရီပြဿ နာများကြောင့် ဖွင့်မရသည့်စက်များလည်းရှိပါသည်။ ပျက်စီး၍အသုံးပြုမရသော Tablet များကိုလည်း ပြည်ထောင်စု အဆင့်သက်ဆိုင်ရာ ဝယ်ယူရေးဌာနနှင့် စောင့်ကြည့်ကြီးကြပ်ရေးဌာနများသို့ အစီရင်ခံစာပေးပို့ပြီး ဆောင်ရွက်ထားပါသည်။

**မတူပီမြို့နယ်**

Covid-19 ကာလအတွင်း မော်တော်ယာဉ်လိုင်းများ ပြေးဆွဲမှု အကန့်အသတ် ဖြစ်လာသည့်အတွက် လုပ်ငန်းသုံးပစ္စည်းများ ကျေးရွာသို့အချိန်မီ မသယ်ယူနိုင်ခြင်း။ အပိုပစ္စည်းများ လိုသလိုအချိန်မီမရရှိနိုင်ခြင်း၊ ကျွမ်းကျင်စက်ပြင်များမရှိခြင်းကြောင့် လုပ်ငန်းသုံး ယာဉ်၊ စက်ပစ္စည်းများပျက်စီးမှုကို အချိန်မီပြုပြင်နိုင်ခြင်းမရှိသဖြင့် ဝန်ထမ်းများကွင်းဆင်းခြင်း နောက်ကျကာ အချို့လုပ်ငန်းစဉ်များ နောက်ကျရခြင်းများ၊ ဒီဇိုင်းလွဲချော်မှုများ ရှိပါသည်။

**တွန်းဇံမြို့နယ်**

Honda 125 (DT) ဆိုင်ကယ်များ၏ အရံပစ္စည်းများဝယ်ယူရန် အခက်အခဲရှိပါသည်။ Tablet Huawei များသည် Power supply ပိတ်သွားသဖြင့် ပြန်ဖွင့်၍ မရသည့် အခက်အခဲ ရှိပါသည်။ နေပြည်တော် Procurement Team သို့ Tablet Huawei (၃)လုံး ပေးပို့ထားပါသည်။ TVS/Honda ဆိုင်ကယ်များသည် (၂)နှစ်တာ တောင်ပေါ်ဒေသများတွင် အသုံးပြုရသည့်အတွက် စက်ချို့ယွင်းပျက်စီးမှုများ ရှိပါသည်/ သို့ဖြစ်ပါ၍ ကျွမ်းကျင်သည့် စက်ပြင်ဆရာများခေါ်ယူပြီး လိုအပ်သည်များကို ဆောင်ရွက်မည်ဆိုပါက ဝန်ထမ်းများ အတွက် လုံခြုံမှု ပိုမိုရရှိမည်ဖြစ်ပါသည်။

တွန်းဇံမြို့နယ် ကျေးရွာ အုပ်စု (၃၁)အုပ်စု၊ ကျေးရွာ (၉၃) ရွာတွင် ထားရှိသည့် စီမံကိန်းနှင့်ပတ်သက်သော ဗွီနိုင်း ပိုစတာများ (ဇိုမီး၊ မြန်မာ)တို့သည် လေတိုက်သည့် အတွက် ပျက်စီးမှု များစွာရှိပါသည်။ သို့ဖြစ်ပါ၍ နောက်ထပ် (ဇိုမီး၊ မြန်မာ) ဗွီနိုင်း / ပိုစတာများ ထပ်မံပံ့ပိုးပေးပါရန် တင်ပြအပ်ပါသည်။

**ရမည်းသင်းမြို့နယ်**

Covid 19 ကူးစက်မှုကာလတွင် လမ်းပန်းဆက်သွယ်ရေး ကန့်သတ် ထားသောကြောင့် အချို့ကျေးရွာများတွင် လုပ်ငန်းအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူရန် နှောင့်နှေးခဲ့ပါသည်။

**ပေါင်မြို့နယ်**

ပေါင်မြို့နယ်တွင် စီမံကိန်းမော်တော်ဆိုင်ကယ်များနှင့် မိတ္တူကူးစက်များအတွက် ဆက်စပ်ပစ္စည်းများ ဝယ်ယူရန် အခက်အခဲရှိပါသည်။

**ခနောင်ဖြူမြို့နယ်**

ခနောင်ဖြူမြို့နယ်သည် TVS, DT အပိုပစ္စည်းများ အလွယ်တကူ ဝယ်ယူရရှိနိုင်မှု အားနည်း ခြင်း၊ Computerများ Servicing လုပ်ရန် လိုအပ်ခြင်း၊ မိတ္တူကူးစက်(၁)လုံးထဲသာ ရှိသဖြင့် ထပ်မံ လိုအပ်ခြင်း။

**အင်္ဂပူမြို့နယ်**

အင်္ဂပူမြို့နယ်တွင် ပရိုဂျက်တာ ပျက်စီးမှုအား နေပြည်တော်သို့တင်ပြပြီး အစားထိုး စက်ရှိ ထားသော်လည်း လက်ရှိ ကိုဗစ် ကာလ အခြေအနေကြောင့် မယူဆောင်နိုင်သေးပါ။ ကာလာ ပရင်တာ တစ်လုံးသာရှိပြီး ဂန်ထမ်းအင်အား စီမံကိန်းလုပ်ငန်းခွဲ အရေအတွက်တို့နှင့် မမျှသော ကြောင့် အပြင်ဆိုင်များတွင် ထုတ်နေရသည်။ စက်ပျက်စီးမှုများရှိပါသည်။

**မိုးကောင်းမြို့နယ်**

CDD မိတ္တူကူးစက် (Samsung Copier) မှာပျက်နေခြင်းအားပြုပြင်ရန်လိုအပ် နေပါသည်။

**ပူတာအိုမြို့နယ်**

TVS ဆိုင်ကယ်(၃၂)စီးတွင် (၁၆)စီးသည် ချိန်းစပေါ့ကပ်၊ (၂)စီးသည် ရှေ့ဖောက်၊ (၄)စီးသည် နောက်ဖောက်၊ စသည်ဖြင့် လဲလှယ်ရန် လိုအပ်နေပါသည်။ Procurement Officer အသုံးပြုနေသော ASUS Laptop Computer သည် Hard Disk ပျက် စီးခဲ့ပါသည်။

Team Leader ၊ Finance Officer ၊ M&E, MIS Officer (TTA) တို့ အသုံးပြုလျက်ရှိသော Desktop Computer များရှိ UPS (၃) လုံးမှာ လျှပ်စစ်မီးပျက်ချိန်တွင် ပါဝါသိုလှောင်နိုင် စွမ်းအားမှာ (၃)မိနစ်ခန့်သာ သိုလှောင်နိုင်ပါသည်။

**ရွှေကူမြို့နယ်**

ဆိုင်ကယ် အပို ပစ္စည်းများ ရှားပါးခြင်း၊ Computer, Color Printer နှင့် မိတ္တူကူးစက်များ စစ်ဆေးပြုပြင်ရန်အတွက် မြို့နယ်အတွင်း ကျွမ်းကျင်သူမရှိသဖြင့် အခက်အခဲရှိပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

TOSHIBA မိတ္တူကူးစက်အားပြင်ဆင်အသုံးပြုထားသော်လည်း ယခုအခါ Hardware ပိုင်းပျက်စီးသွားသဖြင့်အသုံးပြုနိုင်ခြင်းမရှိပါ ။ မိတ္တူကူယူခြင်းအား မြို့နယ် ကျေးလက် ဦးစီးမှုမှ စီစဉ်ဆောင်ရွက်ပေးလျှက်ရှိပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

CF,TF များ၏ Tablet ပျက်စီး=၈လုံး/ ပျောက်ဆုံး=၂လုံး ရှိပါသည်။ ပျောက်ဆုံး ၂လုံး အတွက် union သို့ ၁လုံးအစားထိုးပေးလျှော်ပြီးဖြစ်သည်(ထိုပေး လျှော်ထားသော ၁လုံးအတွက် union မှ မြို့နယ်သို့ အစားပြန်မပေးရသေးပါ) ပျောက်ဆုံး နောက်၁လုံး အတွက် ပေးလျှော်ရန် MGRI မှ တာဝန်ယူကြောင်း union သို့အကြောင်းကြားစာပေးပို့ပြီး union ၏ ညွှန်ကြားချက်ကို စောင့်ဆိုင်းနေဆဲဖြစ်သည်။ ပျက်စီးသော ၈လုံးကို ပြင်ဆင်ရန် union သို့ပေးပို့ထား သည့်အထဲမှ ၂ လုံး ပြုပြင်ပြီး၍ မြို့နယ်မှ လက်ခံရရှိပြီးဖြစ်သည်။ ပျက်စီးထဲမှ ၆လုံးunion မှ ပြုပြင်ပေးရန် ကျန်နေပါသည်။ Tablet မလုံလောက်ခြင်းကြောင့် MIS upload ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုရှိနေပါသည်။

**ကော့ကရိတ်မြို့နယ်**

မိတ္တူကူးစက်တစ်လုံးတည်းသာရှိသဖြင့် စာရွက်၊ စာတမ်းများ/ သင်တန်းလက်စွဲစာအုပ်များ မိတ္တူကူးရန်အတွက် အခက်အခဲရှိပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ကွန်ကရစ်ဖျော်စက်ငှားရမ်းမှုခက်ခဲခြင်း၊ ငှားရမ်းခဈေးနှုန်းကြီးမားနေသည်။ မိုးတွင်းကာလဖြစ်သောကြောင့် ပစ္စည်းသယ်ယူပို့ဆောင်ရေးတွင် အခက်အခဲရှိပြီး သဲ၊ ကျောက် စရစ် လျော့နည်းမှုများရှိခြင်းနှင့်အနည်းငယ် အလေအလွင့်ရှိခြင်းတို့ ကျေးရွာများတွင် တွေ့ရှိရပါသည်။

**ဝမြို့နယ်**

Covid-19 ကပ်ရောဂါပျံ့နှံ့မှုများကြောင့် အသွားအလာ ကန့်သတ်မှုများရှိနေသဖြင့် စီမံကိန်းလုပ်ငန်းခွဲများ အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပစ္စည်းများ မှာယူရာတွင် အခက်အခဲဖြစ်ခဲ့ပါသည်။

**ပလက်ဝမြို့နယ်**

ပလက်ဝမြို့နယ်အတွင်း လုံခြုံရေးအခြေအနေအရ ပလက်ဝမြို့နှင့် ကျေးရွာများသို့ သွားလာမှုပုံမှန်မပြုလုပ်နိုင်ခြင်း အခြားမြို့နယ်များနှင့် ဆက်သွားလာမရခြင်းတို့ကြောင့် ပစ္စည်းသယ်ယူနိုင်မှုမရှိခြင်း၊ လုပ်ငန်းပစ္စည်းများပြတ်လပ်ခြင်း၊အချို့ပစ္စည်းများ ဈေးနှုန်းအဆက်မတန် တက်ခြင်း (ဥပမာ-ပလက်ဝမြို့ပေါ်တွင် ဘိလပ်မြေ (၁)အိတ်လျှင်(၂၂၀၀၀)

**(ဂ) ဝန်ထမ်းဆိုင်ရာအခက်အခဲ**

**ပေါက်မြို့နယ်**

ယခုသုံးလပါတ်အတွင်း စီမံကိန်းလုပ်ငန်းခွဲများအားလုံး စတင် နိုင်ခဲ့သော်လည်း COVID 19 ကြောင့် ဝန်ထမ်းများ အလှည့်ကျ ရုံးတက်ခြင်း၊ ကျေးများသို့သွားရောက်ရန် အခက်အခဲရှိခြင်း၊ အချို့ကျေးရွာများမှ စီမံကိန်း ဝန်ထမ်းများအား လာရောက်ခွင့် မပြုခြင်း၊ ကျေးရွာတိုင်းတွင် COVID 19 ကြိုတင် ကာကွယ်ကုသ ထိန်းချုပ်ရေးလုပ်ငန်းစဥ်များ ဆောင်ရွက်နေရခြင်း၊ လုပ်ငန်းသုံး ပစ္စည်းများရရှိရန်ခက်ခဲလာခြင်း စသည့်တို့ကြောင့် စီမံကိန်း လုပ်ငန်းများ ခေတ္တဆိုင်းငံ့ရခြင်း၊ လုပ်ငန်းများ ပြီးစီးချိန် နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။

**ထီးလင်းမြို့နယ်**

ဤကာလအတွင်း **TF** ၂ ဦး နှင့် **CF** ၁ ဦးသည် အစိုးရဌာနသို့ အလုပ်ပြောင်းရွှေ့သွားပြီး ပြန်လည်အစားထိုးနိုင်ခြင်း မရှိသေးပါ။

**သဲကုန်းမြို့နယ်**

သဲကုန်းမြို့နယ်တွင် အစီရင်ခံကာလအတွင်TFအသစ်(၃)ဦး အစားထိုးပြန်လည် ရွေးချယ်ခဲ့ရသည့်အပြင် နောက်ထပ်TFတစ်ဦးမှာလည်း ၂၀၂၀ခုနှစ် စက်တင်ဘာလကုန် တွင် နုတ်ထွက်မည်ဖြစ်ပါသဖြင့်ပြန်လည် အစားထိုးရွေးချယ်ရန် လိုအပ်ပါသည်။ CF တစ်ဦးမှာလည်း Finance Assistant ရာထူးသို့ ရာထူးတိုးသွားပါသဖြင့် ပြန်လည် အစားထိုး ရွေးချယ်ရန် လိုအပ်ပါသည်။

**ကျောက်တန်းမြို့နယ်**

ယခုသုံးလပတ်အတွင်း လူထုစည်းရုံးရေးမှူးများတွင် (၁)ဦးမှာ လုပ်ငန်းမှ နှုတ်ထွက်သွားသဖြင့် (၁)ဦး ပြန်လည်ခန့်အပ်ထားပြီးဖြစ်ပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

စတုတ္ထနှစ်စက်ဝန်းတွင် ဝန်ထမ်းများ နှုတ်ထွက်မှုများလာပြီး အချိန်မှီပြန်လည် အစား ထိုးရန် အခက်အခဲရှိသောကြောင့် လုပ်ငန်းများနှောင့်နှေးခြင်း။ အထူးသဖြင့် လက်ထောက် နည်းပညာမှူးများအတွက် အတွေ့အကြုံရှိဝန်ထမ်းရရှိရန် ခက်ခဲခြင်းနှင့် အမျိုးသား ဝန်ထမ်းများ ခေါ်ယူရာတွင် ခက်ခဲခြင်း။ Covis-19 ကာလအတွင်း ဝန်ထမ်းများ၏ လုံခြုံမှုအတွက် လုံလောက်သော ထောက်ပံ့မှုများ ရရှိရန်အတွက် (နှာခေါင်းစည်း၊ လက်သန့်ဆေးရည် စသည့်) အချိန်နှင့် တစ်ပြေးညီ ပံ့ပိုးပေးနိုင်မှု မရှိခြင်း။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

လူထုစည်းရုံးရေးမှူးများ၊ နည်းပညာစည်းရုံးရေးမှူးများနှင့် ကျေးလက်ဝန်ထမ်း Counterpart များသည်အပြောင်းအလဲများခြင်းကြောင့် စီမံကိန်းအကောင်အထည် ဖော်မှုတွင် အနည်းငယ် အားနည်းစေပါသည်။ အကြောင်းမှာ အထူးသဖြင့် နည်းပညာ စည်းရုံးရေး မှူးများ သည်

အတွေ့ အကြုံရပြီး စီမံကိန်းလုပ်ငန်းခွဲများကို ကောင်းစွာဦးဆောင် အကောင်အထည် ဖော်နိုင်သည့် အချိန်တွင် အလုပ်မှရပ်နားပြီး အသစ်ထပ်မံခေါ်ယူသောဝန်ထမ်းသည် အတွေ့ အကြုံအား နည်းခြင်းကြောင့် စီမံကိန်း အကြောင်းကို အသစ်မှတဆင့် ပြန်စရသောကြောင့် လုပ်ငန်းကို အခက် အခဲဖြစ် စေပါသည်။

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်သည် အလွန်ဝေးကွာပြီး ဒေသအခြေအနေ ခက်ခဲသောကြောင့် အတွေ့အကြုံရှိသောဝန်ထမ်းများသည်လည်း မိမိတို့မြို့နယ်သို့ အလုပ်များ လာရောက်လုပ်ကိုင်လိုစိတ် အားနည်းသည်ကို တွေ့ရှိရပါသည်။

**မတူပီမြို့နယ်**

အစီရင်ကာလ(ယခုသုံးလပတ်)အတွင်း ဝန်ထမ်းများ နှုတ်ထွက်/ခန့်ထားခြင်းနှင့် ပတ် သတ်၍ လက်ထောက်နည်းပညာမှူး (၃) ဦး (၂) ဦးအား အစားထိုးခန့်ထားနိုင်ခဲ့ပါသည်။ ဝန်ထမ်း ရေးရာနှင့်ပတ်သက်၍ သုံးသပ်တင်ပြချက်။ ဝန်ထမ်းများ စာချုပ်သက်တန်း ကုန်ဆုံးရန် နီးကပ် လာသည်နှင့်အမျှ အလုပ်အကိုင် အသစ်များသို့ ပြောင်းရွှေ့သွားသည်ကို တွေ့ရပါသည်။ အချို့ ဝန်ထမ်းများစီမံကိန်းအပေါ်တွင် အာရုံစူးစိုက်မှု လျော့နည်းလာပြီး အလုပ်အကိုင်အသစ် ရှာဖွေ ရေးဖက်သို့ ပိုမိုအာရုံစိုက်လာကြသည်။

**တွန်းဇံမြို့နယ်**

TDRD (Counterpart) ဝန်ထမ်းများဖြစ်သည့် (M&E,) တို့သည် တွန်းဇံမြို့ပေါ်တွင် အိမ်ငှားနေရသည့်အတွက်ငွေကြေးကုန်ကျမှုများခြင်းကြောင့် စားဝတ်နေရေး အဆင်မပြေ မှုများ ရှိပါသည်။

TDRD တွဲဘက်ဝန်ထမ်းများဖြစ်သည့် Finance Officer သည် ရာထူးတိုးပြီး မတူပီ ခရိုင်သို့ ပြောင်းရွှေ့ခြင်း ၊ TDRD Infra (counterpart)လည်း ဖလမ်းခရိုင်သို့ ပြောင်းရွှေ့ မည်ဖြစ်သည့်အတွက် တွန်းဇံမြို့နယ်လူထုဗဟိုပြုစီမံကိန်းအတွက် တွဲဘက် ဝန်ထမ်းများအား ပြန်လည်အစားထိုးမည်ဆိုပါက လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမို အဆင်ပြေမည် ဖြစ်ပါ သည်။

**ရမည်းသင်းမြို့နယ်**

TF (1) ဦး, CF (1) ဦးလစ်လပ်လျက်ရှိပါသည်။Covid 19 ထိန်းချုပ်ရန် ဝန်ထမ်းများ၏ ၅၀% ကို ၂ ပတ် ရုံးတက် ၊ ကျန် ၅၀ % ကို work from home ဖြင့် ဆောင်ရွက်ခဲ့ရပါသည်။ စီမံခန့်ခွဲမှုများ အားနည်းခဲ့ရပါသည်။ အချို့ကျေးရွာများ ဝန်ထမ်းများအဝင်မခံသောကြောင့် လုပ်ငန်းများ နှောင့်နှေး ခဲ့သည်။

**ပျော်ဘွယ်မြို့နယ်**

ပြီးခဲ့သည့် သုံးလပတ်ကာလအတွင်း DRD Counterpart ဝန်ထမ်း(၃)ဦး ပြောင်းလဲမှု ရှိပါသည်။ TTA ဝန်ထမ်း (CSAG) (မ-၁)ဦး ဒေါ်မြတ်မြတ်သူ (၃၀-၈-၂၀၂၀) လကုန်ပြီး အလုပ်မှ ထွက်သွားပါသည်။

**ခနော်ဖြူမြို့နယ်**

ခနော်ဖြူမြို့နယ်တွင် လူထုစည်းရုံးရေးမှူး (၂)ဦး လစ်လပ်နေပြီး လက်ထောက်နည်းပညာမှူး (၃) ဦး မှာ Covid ကာလဖြစ်သဖြင့် တာဝန်ထမ်းဆောင်ရန် စောင့်ဆိုင်းလျှက်ရှိပါသည်။

**မိုးကောင်းမြို့နယ်**

လက်ထောက်နည်းပညာမှူး ကျား( ၁) မ( ၁) နှုတ်ထွက်ပါသည်။

**ပူတာအိုမြို့နယ်**

လူထုဗဟိုပြုစီမံကိန်းတွင် တာဝန်ပေးထားသော ကျေးလက်ဦးစီးမှ ဝန်ထမ်းများ မိခင် ဌာနလုပ်ငန်းများ ရှိနေခြင်းကြောင့် စီမံကိန်းတွင်အချိန်ပေးနိုင်မှု နည်းပါး လျက်ရှိပါသည်။

**ရွှေကူမြို့နယ်**

မြို့နယ်နည်းပညာအကြံပေးအဖွဲ့တွင် Team Leader (၁)ဦး နှင့် CSAG Officer (၁) ဦး မှာ (၁၈.၉.၂၀၂၀) ရက်နေ့မှစ၍ လစ်လပ်လျက်ရှိသောကြောင့် PKW မှ အမြန်ပြန်လည်ခန့်အပ် ပေးစေလိုပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသည် လစ်လပ်လျက်ရှိသော လက်ထောက် နည်းပညာမှူး (၃)ဦး နှင့် လူထုစည်းရုံးရေးမှူး(၁)ဦးတို့အား ပြန်လည်ခန့်အပ်နိုင်ရန်အတွက် စီစဉ်ဆောင် ရွက်ထားသော်လည်း ကူးစက်ရောဂါများကြောင့် မြို့နယ်သို့ ဝင်ရောက်ရန် ခက်ခဲခြင်း၊ လက်ထောက် နည်းပညာမှူး (၃) ဦးမှာ အလုပ်ခေါ်ယူစာ ကြော်ငြာထားပြီး၊ လူထုစည်းရုံးရေးမှူးမှာ ခန့်အပ်ရန် ပြည်ထောင်စုအဆင့်မှ ခွင့်ပြုချက် ရရှိထားပြီး ဖြစ်ပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

Senior TF (၂)ဦး၊ Procurement Assistant (၁)ဦး၊ Finance Assistant (၁) ဦး ခန့်ထားပြီးဖြစ်ပါသည်။ လူထုစည်းရုံးရေးမှူး (၂) ဦး နှင့် လက်ထောက်နည်းပညာမှူး (၃) ဦး တို့သည် အလုပ်အသစ်ရရှိသွားခြင်းကြောင့် အစားထိုး ပြန်လည်ခန့်အပ်ရန် လျာထား (၅)ဦးအား ရုံးချုပ်မှ ခွင့်ပြုချက်ရရှိပြီးဖြစ်၍ အောက်တိုဘာလဆန်းပိုင်းတွင် ခန့်အပ်သွားမည် ဖြစ်သည်။

**ကော့ကရိတ်မြို့နယ်**

စည်းရုံးရေးမှူးများ၏ စွမ်းရည်ပိုမိုတိုးတက်လာစေရန်အတွက် လေ့လာရေးခရီးများ စီစဉ်ပေးရန်လိုအပ်ပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ဝန်ထမ်းများတစ်ဦးချင်းအလိုက် ခရီးသွားလာရေးအတွက် လစဉ်ခရီးသွားမည့် အစီအစဉ်များကို ပြည်နယ်နှင့်ချိတ်ဆက် လုပ်ဆောင် ထားရှိပါသည်။ ဝန်ထမ်းများ ခရီးသွားလာရေးအတွက် သက်ဆိုင်ရာကျေးရွာအုပ်ချုပ် ရေးမှူးများနှင့် ချိတ်ဆက်ပြီး ဒေသအခြေအနေ ကို စုံစမ်းမေးမြန်းကာ ခရီးထွက်နိုင်ခြေရှိလျှင်ခရီး သွားလာမှုပြုလုပ်ကြပါသည်။

ဝန်ထမ်းများ လုံခြုံရေးအတွက် ရုံးနှင့်ချိတ်ဆက်သွားလာရန် ညွှန်ကြားထားပါသည်။ ၂၀၂၀ခုနှစ် စက်တင်ဘာလအတွင်း Adamsmith International Company မှ TTA Key ဝန်ထမ်းများမှာစာချုပ်သက်တန်းကုန်ဆုံးပြီးဖြစ်ပါသည်။ TTA Key ဝန်ထမ်း သစ်ထပ်မံခန့်အပ်လုပ်ဆောင်လျှက်ရှိပါသည်။

**ဝမြို့နယ်**

လက်ထောက်နည်းပညာမှူး (၂) ဦးဖြစ်သော ဒေါ်ဇာခြည်ကျော်နှင့် ဦးအောင်ကောင်းမြတ်တို့သည် လမ်းတံတား နှင့် စည်ပင်ဌာနများသို့ အသီးသီး ပြောင်းရွှေ့သွားသဖြင့် လက်ထောက်နည်းပညာမှူး ၂ဦး လစ်လပ်လျှက်ရှိပြီး အစားထိုး (၂) ဦးခန့်အပ်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။

**ပလတ်ဝမြို့နယ်**

နယ်မြေလုံခြုံရေးအရ ပုံမှန်ကွင်းဆင်းဆောင်ရွက်နိုင်ခြင်းမရှိသည်ကို အခြေခံပြီး ၂၀၂၀ ခုနှစ် ဧပြီလမှစ၍ CF ဝန်ထမ်း(၁၀)ဦးဖြင့်သာ လုပ်ငန်းဆောင်ရွက်ရန်လျာထားသော်လည်း ခန့်ထားပြီး (၁)လခန့်အကြာတွင် ပလက်ဝမြို့မှ သွားလာရန် လမ်းများပိတ်ထားဆဲဖြစ်သဖြင့် ကွင်းဆင်းပြီး လုပ်ငန်းများဆောင်ရွက်နိုင်မှုမရှိသေးခြင်းကြောင့်ဖြစ်ပါသည်။

**(ဃ) နယ်မြေ/လုံခြုံမှုဆိုင်ရာအခက်အခဲ**

**ပေါက်မြို့နယ်**

မြို့နယ်အတွင်း **COVID 19 Positive** လူနာ တွေ့ရှိခဲ့ခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် **Q center** များစွာ တည်ရှိနေခြင်းတို့ကြောင့် ကျေးရွာများသို့ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် သွားရောက်ခြင်း၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ မှတ်တမ်းသွားရောက်ကောက်ယူခြင်း၊ ဝေဖန်အကြံပြုချက်များ သွားရောက်ဖြေရှင်းပေးခြင်း စသည့် စီမံကိန်းလုပ်ငန်းများ သွားရောက်ဆောင်ရွက်ရာတွင် လုံခြုံမှုအားနည်း ချက်များ၊ စိုးရိမ်မှုများ ကြုံတွေ့ခဲ့ရပါသည်။

**ထီးလင်းမြို့နယ်**

နယ်မြေလုံခြုံမှုအနေဖြင့် ထူးခြားဖြစ်စဉ် မရှိ သော်လည်း COVID-19 အခြေအနေကြောင့် စီမံကိန်းကျေးရွာများသို့ ကွင်းဆင်းနိုင်မှု အခြေအနေနည်းခြင်း၊ လူစုလူဝေးနှင့်လုပ်ရမည့် ကိစ္စများအား ယာယီရပ်ဆိုင်းထားရခြင်း၊ တစ်ချို့ကျေးရွာများတွင် စီမံကိန်းလုပ်ငန်းများအား ယာယီရပ်ဆိုင်းထားခြင်း နှင့် ကျေးရွာအတွင်း အဝင်/အထွက်များ ယာယီပိတ်ပင်ထားခြင်း၊

ဝန်ထမ်းများအား လုပ်ငန်း အခြေအနေအပေါ်မူတည်ပြီး ချမှတ်ထားသော စည်းမျဉ်းစည်းကမ်း များနှင့် အညီ ရုံးတက်နိုင်ရေး စီစဉ်ပေးနေရခြင်း စသည့်အခြေအနေများကြောင့် စီမံကိန်း လုပ်ငန်းများ အနည်းငယ်နှောင့်နှေး ကြန့်ကြာခဲ့ပါသည်။ စက်တင်ဘာ ၁၀ ရက်နေ့မှစ၍ ရုံးတက်/ဆင်းခြင်း ကို လက်ရှိဝန်ထမ်း၏ ၅၀% သာ တစ်ရက်ခြား ရုံးတက်ရန် စီစဉ်ထားရှိ ပါသည်။

## ရွှေကျင်မြို့နယ်

ရွှေကျင်မြို့နယ်တွင် လက်ရှိဆောင်ရွက်နေသော ကျေးရွာများတွင် အခက်အခဲမရှိပါ။ ရဲသောင်ကျေးရွာအုပ်စုတွင် စီမံကိန်းလုပ်ငန်းများအား ခေတ္တရပ်ဆိုင်းထားပြီး ဆောင်ရွက်ခွင့် ရရှိနိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းလျက်ရှိပါသည်။ ကရင်အမျိုးသား အစည်းအရုံး၏ ထိန်းချုပ်နယ်မြေအတွင်းရှိသော ကျေးရွာအုပ်စု (၇) အုပ်စုရှိ ကျေးရွာပေါင်း (၃၁) ရွာတွင် တတိယနှစ်စက်ဝန်းအတွက် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိပါ။

## ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်

ဘောလခဲ၊ ဖားဆောင်းနှင့်မယ်စဲ့မြို့နယ်သည် ခက်ခဲသောဒေသဖြစ်ပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများလည်း ပေါင်းစုံရှိပါသည်။ ထိုနည်းတူတိုင်းရင်းသား လက်နက် ကိုင်အဖွဲ့သည် မိမိတို့ ထိန်းချုပ်ရန်ဒေသများရှိပါသည်။ ထို့ကြောင့် စီမံကိန်းဝန်ထမ်းများသည် ကျေးရွာသို့ကွင်းဆင်းလိုလျှင် သက်ဆိုင်ရာတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများထံသို့ ခွင့်ပြုစာတောင်းပြီး ခွင့်ပြုမှသာ သွားရောက် ဆောင်ရွက်ရပါသည်။

ကယားပြည်နယ်သည် လက်ရှိတွင်ဒေသငြိမ်းချမ်းရေးဖြစ်စဉ်သည် တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့ဖြစ်သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် မြန်မာနိုင်ငံအစိုးရတို့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲအဆင့်တွင်သာရှိနေသေးကြောင့် ဝန်ထမ်းများကွင်းဆင်းရန်တွင် လုံခြုံရေးအတွက် အာမ ခံချက်မရှိပါ။ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကိုလည်း လက်မှတ် မထိုးသေးသောကြောင့် ဝန်ထမ်းများသည် ကွင်းဆင်းလိုသည့် အချိန်တိုင်း ကွင်းဆင်း၍မရနိုင်ပါ။ သက်ဆိုင်ရာခရိုင်အဆင့်မှ ခွင့်ပြု စာရွက်နှင့်တကွကွင်းဆင်းရပါသည်။

(၂၁.၉.၂၀၂၀)ရက်နေ့တွင်သက်ဆိုင်ရာဒေသခံတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်သည့် (KNPP)အဖွဲ့မှကျန်ရှိသည့် ရန်ပုံငွေအတွက် ခရိုင်အုပ်ချုပ်ရေး၏လမ်းညွှန်မှုအောက်တွင် ဆောင် ရွက်မည်ဆိုပါကခွင့်ပြုမည်ဖြစ်ကြောင်း စာဖြင့်အကြောင်းကြားစာ လက်ခံရရှိခဲ့ပါသည်။

## တွန်းဇံမြို့နယ်

တွန်းဇံမြို့နယ် တချို့ကျေးရွာများသည် အိန္ဒိယနိုင်ငံနယ်စပ်နှင့် နီးစပ်သည့်အတွက် အသွားအလာ ကန့်သတ်မှုများရှိခြင်း၊ COVID 19 ကာလအတွင်း ရွှေ့ပြောင်း လုပ်သား များသည် ၎င်းတို့၏ ကျေးရွာများသို့ ပြန်လာသူများ ရှိ၍ ယင်းကျေးရွာသို့ သွားရောက် သည့်အခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လမ်းညွှန်ချက်များနှင့်အတူ သွား ရောက်ရခြင်းကြောင့် လိုအပ်သည့် နှာခေါင်းစည်း၊ Hand Gel များ အမြဲဆောင်ထား ရန် စီမံကိန်းမှ ပံ့ပိုးပေးပါရန် လိုအပ်ပါသည်။

**ပျော်ဘွယ်မြို့နယ်**

ဝန်ထမ်းများလုယက်ခံရမှုမဖြစ်စေရေးအတွက် အလှမ်းဝေးကွာသော ကျေးရွာ များသို့ သွားလာရာတွင် တစ်ဦးတစ်ယောက်တည်းမသွားရန်နှင့် တာဝန်ကျ ဝန်ထမ်း ၂ ဦး အတူ သွားလာ လုပ်ကိုင်ကြရန် အစည်းအဝေးများတွင် အသိပေး ဆောင်ရွက်ထားပါသည်။

**နွားထိုးကြီးမြို့နယ်**

အေးချမ်းလုံခြုံမှုရှိပါသည်။ သို့ရာတွင် Covid-19 Positive လူနာ မြင်းခြံမြို့နယ်နှင့် နွားထိုးကြီးမြို့နယ် ကျေးရွာ(၄)ရွာတွင် တွေ့ရှိသော ဩဂုတ်လစတုတ္ထပတ်မှစ၍ လူထုစစ်ဆေး ပွဲများ ဆောင်ရွက်ရန် အချို့ကျေးရွာ များမှ ဝင်ခွင့်မပြုခြင်းများကြောင့် လူထုစစ်ဆေးပွဲများ သတ်မှတ် အချိန်ထက် နောက်ကျဆောင်ရွက်ရခြင်းများ ရှိပါသည်။

ငပုတောမြို့နယ်

ငပုတောမြို့နယ်၊ ပင်လယ်ပြင် ပတ်လည်ဝန်းရံနေသော ဧရိယာဖြစ်၍ ဘင်္ဂလီ လှေ၊သင်္ဘော များ ရံဖန်ရံခါ ရောက်လာတတ်၍ သတိထားရသည်များရှိပါသည်။

**ဓနုဖြူမြို့နယ်**

ဓနုဖြူမြို့နယ်သည် အစီရင်ခံသည့်ကာလအတွင်း Covid 19 ကပ်ရောဂါ အခြေအနေကို ကျေးရွာများတွင် လူအများစိုးရိမ်ကြောင့်ကြမှုများကြောင့် စီမံကိန်းလုပ်ငန်းအချို့နှောင့်နှေးမှုများ ကြုံတွေ့ခဲ့ရပါသည်၊ အစည်းအဝေးများဆက်လက်ဆောင်ရွက်နိုင်မှုမရှိသေးပါ။

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသည်ယခုအခါ Covid 19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားလျှက် ရှိ၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာသူရွာသားများ၏ စိုးရိမ်ပူပန်မှုများ မြင့်မား လျှက်ရှိပါသည်။ အချို့ကျန်ရှိသော စီမံကိန်းလုပ်ငန်းများ ရပ်ဆိုင်းနေမှုများ ၊ ပစ္စည်းပို့ဆောင်ရန် ခက်ခဲ မှုများ ၊လုပ်သားရှားပါးမှုများ၊ ကျေးရွာအဝင်အထွက် ကန့်သတ်မှုများနှင့် ကြုံတွေ့နေရ ပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

သို့သော် COViD 19 ရောဂါ ကြောင့် ကျေးရွာများရှိ စီမံကိန်းလုပ်ငန်းခွဲများ ဆက်လက် ပြုလုပ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာနယ်မြေခံအဖွဲ့အစည်း မွန်ပြည်သစ်ပါတီမှ ခွင့်ပြုခြင်း မရှိသေးခြင်း နှင့် စီမံကိန်းလုပ်ငန်းများသွားရောက် စစ်ဆေး နိုင်ခြင်း မရှိပါ။

**လှိုင်းဘွဲ့မြို့နယ်**

ရှမ်းရွာသစ်မြို့တွင်ရှိသော စောလောကျေးရွာအုပ်စု(ကျေးရွာ-၅ရွာ)နှင့် ပိုးပလေ ကျေးရွာ အုပ်စု (ကျေးရွာ-၈ရွာ)အား KNUမှ နယ်မြေလုံခြုံရေး အခြေအနေအရ စက်တင်ဘာလ ဆန်းပိုင်းမှ

စ၍ သွားလာခွင့် မပြုဘဲပိတ် ထားပါသည်။ ထို့ကြောင့် ထိုအုပ်စုတွင် တတိယနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းခွဲပေါင်း (၅) ခုမှာ စတင်ဆောင်ရွက်နိုင်ရန် အခက်အခဲရှိနေပါသည်။

Covid 19 ကူးစက်မြန်ရောဂါပိုးတွေ့လူနာ (၂) ဦးသတင်းထွက်ပေါ်လာသည့် ၂၀ ရက်နောက်ပိုင်းများတွင် ကျေးရွာအများစုမှာ အသွား၊ အလာကန့်သတ်ခြင်း၊ ကျေးရွာ အဝင်ဂိတ်များ ဝါးတား၍ စစ်ဆေးခြင်း၊ ကျေးရွာအတွင်းအပြင်လူ ဝင်ခွင့်မပြုခြင်းစသည့် ဖြစ်ရပ်များ ပေါ်ပေါက်လာခြင်းကြောင့် ကျေးရွာ နှင့်ဆောင်ရွက်ရမည့် လုပ်ငန်းပိုင်းများ ခက်ခဲလျှက်ရှိပါသည်။ ဝင်ထွက်ခွင့် မပြုသောကျေးရွာအုပ်စု(၄၀)၊ ကျေးရွာပေါင်း (၂၃၁)ရွာဖြစ်ပြီး၊ ကျေးရွာဂိတ်များမှ စစ်ဆေး၍ လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ခြင်း တို့ဖြင့် ဝင်ခွင့်ပြုသော ကျေးရွာအုပ်စု(၃၀)၊ ကျေးရွာပေါင်း (၁၆၇)ရွာတို့ဖြစ်ပါသည်။ ဝင်ခွင့်ပြုသောကျေး ရွာများတွင် စည်းဝေးပြုလုပ်ခြင်း၊ လုပ်ငန်ခွဲစတင်လုပ်ဆောင်ခြင်း များ ဆောင်ရွက်ရန်ခက်ခဲနေဆဲဖြစ်သည်။

## ကော့ကရိတ်မြို့နယ်

KNU တပ်မဟာ (၆)နယ်မြေ (ဒူပလရာခရိုင်)မှ Covid 19 ကာကွယ်ထိမ်းချုပ်ရန် အတွက် ကျေးရွာများတွင် အသွား/အလာကန့်သတ်မည်ဟု အမိန့်ထုတ်ပြန်ထားသဖြင့် ၎င်းဒေသတွင်ပါဝင်သော (ကြာအင်းမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့နယ်) ကျေးရွာများတွင် ပြင်ပလူစိမ်းများ ဝင်ခွင့်မပြုပါ၊ CDD လုပ်ငန်းများ အတွက် အစည်းအဝေးများပြုလုပ်ခြင်းကို (၁၅)ဦး အောက်သာခွင့်ပြု ပြီး SP ဆောင်ရွက်ခွင့်ကို ဆိုင်းငံ့ထားပါသည်။

KNU တပ်မဟာ (၇) နယ်မြေ (ဘားအံခရိုင်) နဘူးမြို့နယ်တွင်းရှိ ကျေးရွာများတွင် အသွား/လာကန့်သတ်ရန် အမိန့်ထုတ်ပြန်ထားသဖြင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက စီမံကိန်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ခဏဆိုင်းငံ့ထားရန် အကြောင်း ကြား စာများဖြင့် အစီရင်ခံလာပါသည်။

ခနိမ်းဖော်ကျေးရွာအုပ်စုတွင် စီမံကိန်းလုပ်ငန်းခွဲအကောင်အထည် ဖော်ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးစဉ် ကျန်းမာရေးဝန်းထမ်းမှ SP အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်အား ကန့်ကွက်လာပါသည်။

## ပုဏ္ဏားကျွန်းမြို့နယ်

အစီရင်ခံစဉ်ကာလအတွင်း စစ်ပွဲများမှာ မြို့နယ်အတွင်းဖြစ်ပွားမှုမရှိခဲ့ပါ သို့သော် မြို့နယ်များတွင် စစ်ရေးလှုပ်ရှားမှုများမကြာခဏရှိခဲ့ခြင်းကြောင့် လိုအပ်ချက်အရ ခရီးသွားလာမှုပြုလုပ်ပါက ကျေးလက်ရုံးနှင့်ချိတ်ဆက်ပြီး သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ ထံအကြောင်းကြားပြီး ခရီးသွားလာမှုပြု လုပ်ခဲ့ပါသည်။

နယ်မြေလုံခြုံရေးအခြေအနေအရ ဝန်ထမ်းများအန္တရာယ်ကင်းဝေးစေရန်အတွက် ဝန်ထမ်းများ ခရီးသွား လာမှုများပြုလုပ်ရန်အတွက် မြို့နယ်မှ ဝန်ထမ်းများ ခရီးသွားလာမည့် အစီအစဉ်များကို ပြည်နယ်ရုံးသို့အစီရင်ခံတင်ပြပြီး ဝန်ထမ်းများခရီးသွားလာရေးအတွက် စီမံလုပ်ဆောင်ထားပါသည်။

**ဝွမြို့နယ်**

Covid-19 ကပ်ရောဂါပျံ့နှံ့မှုများကြောင့် အသွားအလာ ကန့်သတ်မှုများရှိနေသဖြင့် လက်ထောက်နည်းပညာမှူးများနှင့် လူထုစည်းရုံးရေးမှူးများသည် ကျေးရွာများသို့ ကွင်းဆင်းသွားလာမှုကို ခေတ္တခဏ ရပ်နားခဲ့ပါသည်။

**ပလတ်ဝမြို့နယ်**

၂၀.၆.၂၀၁၉နေ့မှစ၍ အင်တာနက်လိုင်းများ ပိတ်ထားခြင်းကြောင့် စာရွက်စာတမ်းများ ပေးပို့ရန်ခက်ခဲခြင်း၊ နယ်မြေလုံခြုံရေးအရ ပလက်ဝမြို့နယ်မှ ရေလမ်း၊ ကုန်းလမ်းပုံမှန် သွားလာသော လမ်းများအား ပိတ်ထားခြင်းကြောင့် ကွင်းဆင်းဆောင်ရွက်နိုင်မှုမရှိခြင်း ပွီဝုန်းကျေးရွာ လူနားနေဆောင်နှင့် ရေတံခွန်ကျေးရွာ မြေသားလမ်းတို့မှာ လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းတင်ပြအပ်ပါသည်။ လက်ရှိဆောင်ရွက်လျှက်ရှိသော ကျေးရွာအုပ်စု(၄၈)အုပ်စုရှိ ကျေးရွာပေါင်း(၁၄၄) ရွာ၌ ကျေးရွာတွင်းနှင့် ပတ်ဝန်းကျင်တွင် ပုံမှန်လုပ်ငန်းဆောင်ရွက်နိုင်သော်လည်းလုံခြုံရေးအရ ပလက်ဝမြို့သို့ သွားလာမရရှိခြင်းကြောင့် ငွေထုတ်ခြင်း၊ ပစ္စည်း သယ်ယူပို့ဆောင်ခြင်းများ မပြုလုပ်နိုင်သဖြင့် အချိန်ကြံ့ကြာရခြင်း၊ မပြီးစီးနိုင်ခြင်း။

**၁၅။ အထောက်အပံ့လိုအပ်ချက်များ**

**၂၄။ (က) နည်းပညာ**

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင် မုန်းဒေသ(စတုတ္ထနှစ်စက်ဝန်း)အတွက် ဆောင်ရွက်ပြီးစီးသွားသော လုပ်ငန်းခွဲများအားလုံး စာရင်းစစ်အစစ်ဆေးခံနိုင်ရန်နှင့် တိကျမှန်ကန်မှုများ ရရှိစေရန် တိုင်းဒေသကြီးအင်ဂျင်နီယာမှ အနီးကပ်ပံ့ပိုးမှုများ လိုအပ် လျှက်ရှိပါသည်။

**သဲကုန်းမြို့နယ်**

သဲကုန်းမြို့နယ် TF များအတွက် O&M Training မရရှိသေးသဖြင့် O&M Training လိုအပ်ပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

MIS စနစ်အား စီမံကိန်းလုပ်ငန်းမစတင်မီတွင် အချိန်မှီရရှိအောင် ပြုလုပ်ပေး စေလိုပါသည်။ လက်စွဲစာအုပ်ပြောင်းလဲမှုအခြေအနေအရ ပြည်ထောင်စုအဆင့် အနေဖြင့် ဘဏ္ဍာရေး၊ ဝယ်ယူရေး၊ ကျားမရေးရာ၊ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းစနစ်၊ စောင့်ကြည့် ကြီးကြပ်ရေးနှင့် အကဲဖြတ်သုံးသပ်ရေးဆိုင်ရာ မွန်းမံသင်တန်းများ လုပ်ငန်းမစတင်မီ ပြန်လည်ပြုလုပ်ပေး စေလိုပါသည်။ လက်ထောက်နည်းပညာမှူးများအတွက် အင်ဂျင်နီယာနည်းပညာဆိုင်ရာ သင်တန်းများကို များများ ဆောင်ရွက်ပေးသင့်ပါသည်။

**မတူပီမြို့နယ်**

အသေးစားရေအား လျှပ်စစ်စီမံကိန်းများအတွက် နည်းပညာ ပိုင်းဆိုင်ရာတွက် ချက်မှု သင်တန်းများဖွင့်လှစ်ပို့ချပေးစေလိုပါသည်။

**တွန်းဇံမြို့နယ်**

လက်ထောက်နည်းပညာမှူးများမှာ ကျောင်းပြီးစ အတွေ့အကြုံနည်းပါးသေးသဖြင့် နည်းပညာထောက်ပံ့မှုသင်တန်းများလိုအပ်ပါသည်။ (ဥပမာ – Auto-Cad training, Water, Electricity,)

**ခနုဖြူမြို့နယ်**

ခနုဖြူမြို့နယ်တွင် လက်ထောက်နည်းပညာမှူး များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်မည့်အထောက်အပံ့ သင်တန်းများ ပေးရန်လိုအပ်ပါသည်။

**ပူတာအိုမြို့နယ်**

လက်ထောက်နည်းပညာမှူးများအတွက် AutoCAD သင်တန်းလိုအပ်လျက် ရှိပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ဒုတိယနှစ်စက်ဝန်း စီမံကိန်းအကောင်အထည်ဖော်ဆောင်သည့် ကျေးရွာများတွင် ကျွမ်းကျင်လုပ်သားများရှိလာခဲ့ခြင်းကြောင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရာတွင် ခက်ခဲမှုမရှိပါ။ ကျွမ်းကျင်လုပ်သားများရရှိမှု အခက်အခဲနည်းပါးလာပါသည်။ နည်းပညာအခက်အခဲမရှိပါ။

**ဝမြို့နယ်**

လက်ထောက်နည်းပညာမှူးများအတွက် **Auto CAD** သင်တန်း လိုအပ်လျက်ရှိပါသည်။

**(ခ) စီမံကိန်း အသုံးအဆောင်ပစ္စည်း**

**ကျောက်ကြီးမြို့နယ်**

မိုးတွင်းကာလ ဖြစ်သည့်အတွက် ကျေးရွာများသို့ကွင်းဆင်း ဆောင်ရွက်ရာတွင် စီမံကိန်းဝန်ထမ်းများအတွက် မိုးကာအကျီများအသုံးပြုနိုင်ရန် လိုအပ်လျက်ရှိပါသည်။

**သဲကုန်းမြို့နယ်**

သဲကုန်းမြို့နယ်တွင် Union DRD ၏ခွင့်ပြုချက်ဖြင့် TTA Team ကို Assist ပြုလုပ်ရန် ခန့်အပ်ထားသော Senior Technical Facilitator (၂)ဦးနှင့် Finance Assistant (၁)ဦးအတွက် မော်တော်ဆိုင်ကယ်(၃)စီးထပ်မံ လိုအပ်ပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

မော်တော်ဆိုင်ကယ်အကြီး (HONDA-DT-125) တစ်စီးအား ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျှက်ရှိပါသည်။

**တွန်းဖံမြို့နယ်**

ဆိုင်ကယ် အရံထားရှိပေးရန် (125)။ ကျေးရွာများအတွက် ထပ်မံလိုအပ်သည့် ဗွီနိုင်းများ ပံ့ပိုးပေးပါရန်။ COVID 19 ရောဂါထိန်းချုပ် ကာကွယ်တားဆီးရေး အတွက် အကာအကွယ်ပစ္စည်းများ ဖြစ်သည့် ဆပ်ပြာ၊ နှာခေါင်းစည်း၊Hand Gel ၊ အပူချိန်တိုင်း ကိရိယာများကို ဝန်ထမ်းများ အတွက် ပံ့ပိုးပေးပါရန်။ ကျေးရွာစီမံခန့်ခွဲမှု ကော်မတီများအတွက် စီမံကိန်းတံဆိပ်ပါ အင်္ကျီ၊ ဦးထုတ်များ ပံ့ပိုး ပေးပါရန်တင်ပြအပ်ပါသည်။

**ခနုဖြူမြို့နယ်၊**

ခနုဖြူမြို့နယ်သည် Copier (၁)လုံး သာ ရှိသည့်အတွက် စက်ပျက်ပါက အပြင်မှာ ကူးရ သည့် အတွက် ကုန်ကျစရိတ်များခြင်း၊ လုပ်ငန်းနှောင့်နှေးခြင်းများ ရှိသောကြောင့် နောက်တစ်လုံး ရရှိပါက လုပ်ငန်း ပိုမိုအဆင်ပြေမည်ဖြစ်ပါသည်။

**ပူတာအိုမြို့နယ်**

ဆိုင်ကယ် အပိုပစ္စည်းများ လဲလှယ်ရန်အတွက် လိုအပ်သောပစ္စည်းစာရင်းကို ပြည်နယ်သို့ တင်ပြ အစီရင်ခံ ထားပါသည်။

Procurement Officer အသုံးပြုနေသော ASUS Laptop တစ်လုံး Hard Disk ပျက်ခြင်း ဖြစ်စဉ်ကို ပြည်နယ်သို့ တင်ပြအစီရင်ခံထားပါသည်။

Team Leader ၊ Finance Officer ၊ M&E, MIS Officer (TTA) တို့ အသုံးပြုလျက်ရှိသော Desktop Computer များရှိ UPS (၃) လုံးမှာ လျှပ်စစ်မီးပျက်ချိန်တွင် ပါဝါသိုလှောင်နိုင် စွမ်းအားမှာ (၃)မိနစ်ခန့်သာ သိုလှောင်နိုင်တော့ပါသည်။ ဖြစ်စဉ်ကို ပြည်နယ်သို့ တင်ပြ အစီရင်ခံထားပါသည်။

**ကျွန်းလှမြို့နယ်**

တတိယနှစ်လုပ်ငန်းခွဲများ စတင်ဆောင်ရွက်လျက်ရှိပြီဖြစ်သည့်အတွက် လုပ်ငန်းပြီးစီးမှု ကျောက်စာတိုင်များလုပ်ရန် စီမံကိန်း logo ပါသံပြားများ လိုအပ်နေပြီဖြစ်ပါသည်။ ကျေးလက် ဦးစီး( ရုံးချုပ်) မှ အမြန်ဆုံးပေးပို့စေလိုပါသည်။ TF တစ်ဦး၏ Samsung Tablet (၁) လုံးပြင်ရန် Union DRD- Procurement Unit သို့ ပေးပို့ထားသည့်အတွက် အမြန်ဆုံးပြုပြင်ပေးစေလိုပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းသည် စီမံကိန်းကျေးရွာအချို့တွင် ဗီနိုင်းပိုစတာများ လေမိုးဒါဏ်ကြောင့် ကျေးရွာ(၁၀၀)ခန့် ပျက်စီးခဲ့သည့်အတွက် အစားထိုးပံ့ပိုးနိုင်ရန် ဗီနိုင်းပိုစတာ

(၁၀၀)စုံအား ပံ့ပိုးထောက်ပံ့ပေးနိုင်ပါရန် လိုအပ်လျက်ရှိခြင်း ၊ စီမံကိန်းအသိပညာများ ပိုမိုဖြန့်ဖြူး နိုင်ရန်အတွက် စီမံကိန်းနှင့်ဆိုင်သော ပန်းဖလက်များ ထပ်မံပံ့ပိုးပေးစေလိုကြောင်း၊ ကော်မတီဝင် အသစ် များအတွက် စီမံကိန်းအင်္ကျီ၊ ဦးထုပ်များ ထပ်မံပံ့ပိုးပေးစေလိုပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

ရုံးတွင်း ဝန်ထမ်းများ အသုံးပြုရန် စားပွဲ (၁၀) လုံး လိုအပ်ချက်ရှိပါသည်။ အချိန်မှီပံ့ခြင်း (သို့) မြို့နယ်တွင်းဝယ်ယူခွင့်ပြုခြင်း လိုအပ်နေပါသည်။ ရောင် စုံပရင်တာစက် (၁)လုံးလည်းထပ်မံ ပံ့ပိုး စေလိုပါသည်။

**ကော့ကရိတ်မြို့နယ်**

မော်တော်ဆိုင်ကယ်အတွက် အရံပစ္စည်းများလိုအပ်ပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

မြို့နယ်အတွင်းပစ္စည်းဝယ်ယူရာတွင် အခက်အခဲမရှိသော်လည်း မိုးရာသီဖြစ်၍ ပစ္စည်းများ သယ်ယူရာတွင် အခက်အခဲရှိပြီး သယ်ယူစရိတ်ပိုမိုကုန်ကျပါသည်။

**ဝမြို့နယ်**

ဝန်ထမ်းသစ် (၁၀)ဦးတွက် ကျောပိုးအိတ်နှင့် မိုးကာအင်္ကျီများ လိုအပ်ပါသည်။

**(ဂ) ဝန်ထမ်းအခြေအနေ**

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင် Procurement(JTA), CSAG (JTA) နှစ်ဦးအတွက် စာချုပ် သက်တမ်းတိုးမြှင့်ရန် လိုအပ်လျက်ရှိပါသည်။

**သဲကုန်းမြို့နယ်**

သဲကုန်းမြို့နယ်တွင် TFတစ်ဦးအစားထိုးရွေးချယ်နိုင်ရန် ပြင်ဆင်ထားပြီးဖြစ်ပါသည်။ CFတစ်ဦး အတွက်ပြန် လည်အစားထိုးခန့်အပ်နိုင်ရန် လျှောက်လွှာခေါ်ယူထားဆဲ ဖြစ်ပါသည်။

**ခနော်ဖြူမြို့နယ်**

ခနော်ဖြူမြို့နယ်၊ လူထုစည်းရုံးရေးမှူး (၂) ဦး လစ်လပ်နေပြီး လက်ထောက်နည်းပညာမှူး (၃) ဦး မှာ **Covid** ကာလဖြစ်သဖြင့် တာဝန်ထမ်းဆောင်ရန် စောင့်ဆိုင်းလျှက် ရှိပါသည်။

**ပူတာအိုမြို့နယ်**

လူထုစည်းရုံးရေးမှူးရာထူး လစ်လပ် နှစ်နေရာအတွက် အစားထိုး ဝန်ထမ်း အမျိုးသမီး (၁) ကို ၇.၇.၂၀၂၀ ရက်နေ့တွင်၎င်း၊ အမျိုးသား(၁)ဦးကို ၂၁.၈.၂၀၂၀ ရက်နေ့တွင်၎င်း ခန့်အပ်ခဲ့ပြီး ဖြစ်ပါသည်။

လက်ထောက်နည်းပညာမှူး လစ်လပ် တစ်နေရာအတွက် အစားထိုး ဝန်ထမ်းခန့်အပ်ရန် ၂၃.၉.၂၀၂၀ ရက်နေ့မှ ၆.၁၀.၂၀၂၀ ရက်နေ့အထိ အလုပ်လျှောက်လွှာ ခေါ်ယူထားပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

လက်ထောက်နည်းပညာမှူး (၃) ဦးသည် အလုပ်အသစ်ရရှိသွားခြင်းကြောင့် အစားထိုး ပြန်လည်ခန့်ထားရန် လုပ်ငန်းခွင်ဝင်ခွင့် စီစစ်ခြင်းကိုဆောင်ရွက်ပြီးဖြစ်ပြီး ခန့်အပ်ခွင့်ပြု ချက်အား ရုံးချုပ်သို့ တင်ပြထားပြီးဖြစ်သည်။ ရုံးချုပ်မှ အချိန်မှီ ခွင့်ပြုပေးရန် လိုအပ်ပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ကိုဗစ်-၁၉ ဆက်လက်ဖြစ်ပွားနေမှုကြောင့်ဝန်ထမ်းများအနေဖြင့် CF, TF များကို အုပ်စု(၃)စု ခွဲကာ အုပ်စုတစ်ခုတစ်ရက်ဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်ရန်စီစဉ်ထားပြီး လိုအပ်သော စာရင်း ဇယားများအတွက် ဝန်ထမ်းများမှ နေအိမ်မှ လုပ်ကိုင်ပေးခြင်းများ လုပ်ဆောင်ထားပါသည်။ TTA များအနေဖြင့် ပုံမှန်ရုံးတက် အလုပ်လုပ်လျှက် ရှိပါသည်။

**၁၆။ ပြည်နယ်/တိုင်း နှင့် မြို့နယ်များ၏ အကြံပြုချက်များ**

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်အနေဖြင့် Phase Out မြို့နယ်ဖြစ်သည့်အတွက် တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းရုံးမှ မြို့နယ်များသို့ကွင်းဆင်းပြီး အထူးသဖြင့် (Procurement ၊ Infrastructure ၊ Finance & M&E) များတွင် ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးစေလိုပါသည်။

**ပန်းတောင်းမြို့နယ်**

ပန်းတောင်းမြို့နယ်အနေဖြင့် ပြည်ထောင်စုအဆင့်မှ (၃)လတစ်ကြိမ် လုပ်ငန်းညှိနှိုင်းမှု များ ကွင်းဆင်းဆောင်ရွက်ပေးစေလိုပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်၊ တိုင်းဒေသကြီးမှသော်လည်းကောင်း၊ union မှသော်လည်ကောင်း မြို့နယ်များထံမှ စီမံကိန်းနှင့် သက်ဆိုင်သည့်စာရင်းများ၊ သတင်းအချက်အလက်များ အား တောင်းဆိုသည့်အခါတွင် လုံလောက်သည့် အချိန်ပမာဏများပေးစေလိုပါသည်။

**သဲကုန်းမြို့နယ်**

သဲကုန်းမြို့နယ်အနေဖြင့် ထုတ်ပြန်သောလမ်းညွှန်ချက်များသည် DRD နှင့် တိုက်ရိုက်ချုပ်ဆိုသောဝန်ထမ်းနှင့် ကုမ္ပဏီနှင့်ချုပ်ဆိုသောဝန်ထမ်းဟု မခွဲခြားဘဲ တပြေးညီ ထုတ်ပြန် သင့်ပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်သည် ခရီးဝေးကွာခြင်းနှင့် ခက်ခဲခြင်းကြောင့် ထောက်ပံ့ငွေ (BG)များကို စီမံကိန်းလက်စွဲစာအုပ်အတိုင်းဆုံးဖြတ်ခြင်းမဟုတ်ပဲ ဒေသအလိုက် လိုအပ်ချက်များအပေါ်အခြေခံပြီး ကူညီထောက်ပံ့စေလိုပါသည်။

**မတူပီမြို့နယ်**

စတုတ္ထနှစ်စက်ဝန်းအပြီးသတ်ဆောင်ရွက်နိုင်ရန် ဝန်ထမ်းများ (CF/TF) များကို စာချုပ်သက်တမ်းတိုးပေးပါရန် နှင့် TTA (M&E/MIS officer, CSAG Officer)ကို လည်း DRD ဖက်မှ စာချုပ်သက်တမ်းတိုးပေးစေလိုပါသည်။

**ရမည်းသင်းမြို့နယ်**

စီမံကိန်းနောက်ဆုံးနှစ်ဖြစ်ပြီး Covid 19 ထိန်းချုပ်မှု အစီအစဉ်ကြောင့် လုပ်ငန်းများ စီစဉ်ထားသည့်အတိုင်း မပြီးပဲ နှောင့်နှေးခဲ့ရပါသည်။ CF,TF များ အောက်တိုဘာလကုန်တွင် ကန်ထရိုက်သက်တမ်း ကုန်မည် ဖြစ်သော်လည်း လုပ်ငန်းလိုအပ်ချက်ကြောင့် (၁) လ ထပ်မံတိုးချဲ့ သင့်ပါသည်။

**ပျော်ဘွယ်မြို့နယ်**

စီမံကိန်းနောက်ဆုံးနှစ်ဖြစ်ပြီး Covid 19 ထိန်းချုပ်မှု အစီအစဉ်ကြောင့် လုပ်ငန်းများ စီစဉ်ထားသည့်အတိုင်း မပြီးပဲ နှောင့်နှေးခဲ့ရပါသည်။ CF,TF များ အောက်တိုဘာလကုန်တွင် ကန်ထရိုက်သက်တမ်း ကုန်မည် ဖြစ်သော်လည်း လုပ်ငန်းလိုအပ်ချက်ကြောင့် (၁) လ ထပ်မံတိုးချဲ့ သင့်ပါသည်။

**နွားထိုးကြီးမြို့နယ်**

စတုတ္ထနှစ်စက်ဝန်းတွင် Covid-19ရောဂါအား ထိန်းချုပ်နိုင်ပါက လည်ပတ်ပြုပြင် ထိန်းသိမ်းရေးကော်မတီဝင်များ၏ လည်ပတ်ထိန်းသိမ်းရေး လုပ်ငန်း အတွက် ဆောင်ရွက်ထားရှိမှုများအား မြို့နယ်အဆင့်တွင် ဆွေးနွေးဖော်ထုတ် မျှဝေသင့်ပါသည်။

**ချောင်းဆုံမြို့နယ်**

ချောင်းဆုံမြို့နယ်အနေဖြင့် စီမံကိန်းပြီးဆုံးသွားသော်လည်း လိုအပ်သောအချက်အလက်များ တောင်းခံလာပါက ပြည်နယ်အနေဖြင့် ပူးပေါင်းဆောင်ရွက် ပေးစေလိုပါသည်။

**ပေါင်မြို့နယ်**

ပေါင်မြို့နယ်သည် စီမံကိန်းနောက်ဆုံးနှစ်ဖြစ်၍ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ဝန်ထမ်းများ အလုပ်ထွက်မှုကို နည်းလမ်းတစ်ခုဖြင့် ထိန်းပေးစေလိုပါသည်။ ငွေကြေးချမ်း သာသော ကျေးရွာများသည် စိတ်ပါဝင်စားမှုနည်းပါးခြင်း၊ အစည်းအဝေးတက်ရန် ပျက်ကွက်ခြင်းတို့ရှိသဖြင့် နောင်တွင် စီမံကိန်းမှ အထောက်အပံ့ပေးသင့်/မသင့် စဉ်းစားရန်လိုအပ်ပါသည်။ သတင်းပြန်ကြားဆက်သွယ်ရေးပြပွဲများအတွက် Budget တောင်းခံရာတွင် အချိန်မှီခွင့်ပြု ပေးစေလိုပါသည်။

**ငပုတော မြို့နယ်**

ငပုတော မြို့နယ်သည် နယ်မြေအနေအထားအရ အလှမ်း**ဝေး**ကွာလွန်း၍ ဝန်ထမ်းများ လုပ်ငန်း ဆောင်ရွက်မှုအရ တစ်လလျှင်တစ်ကြိမ်သာ ရုံးသို့ ပြန်လည်ဝင်ရောက်နိုင်ပါသည်။ လစဉ် ပထမပတ် တွင် ရုံးတက်ပြီး နောက်သုံးပတ် တွင် ကျေးရွာများသို့ ကွင်းဆင်း ဆောင်ရွက် ခြင်း ပြုလုပ်ရပါသည်။ Covid-19 ဖြစ်ပွားမှုကြောင့် အချို့စီမံကိန်းလုပ်ငန်းခွဲများ အတိုင်းအတာတခုထိ နှောင့်နှေးကျန့်ကြာမှုဖြစ်ပြီး မိုးရာသီကာလသို့ ရောက်ရှိ သွားသော် လည်း **DRD/TTA/ CF/TF** တို့၏ စီမံခန့်ခွဲမှု၊ ပူးပေါင်းဆောင်ရွက်မှု ပေါင်းစည်းအားဖြင့် လုပ်ငန်းများ အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့ပါသည်။

**တနင်္သာရီမြို့နယ်**

စတုတ္ထနှစ်စက်ဝန်းအတွက်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောသဘော်ဦး ကျေးရွာအုပ်စုသည် ယခုအခါ **COVID-19** ရောဂါထိန်းချုပ်ရေးကာလနှင့် အထွေထွေ ရွေးကောက်ပွဲကျင်းပမည့် ကာလနှင့်နီးကပ်နေပါသဖြင့် စီမံကိန်းဝန်ထမ်းများအနေဖြင့် စီမံကိန်းဆောင်ရွက်လျက်ရှိသော ကျေးရွာများသို့ သွားလာရသည်မှာဒေသခံတာဝန်ရှိသူများ၊ ကျေးရွာသူ/ သား၏ သဘောထားများကို ညှိနှိုင်းမှုများ ရယူရသည့်အတွက် စီမံကိန်းလုပ်ငန်း ခွင်များသို့ သွားရောက်ရာတွင် ကန့်သတ်မှု တချို့ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အခြေအနေများ ရှိပါသဖြင့် စတုတ္ထနှစ်စက်ဝန်းအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းခွဲများအပြီးသတ်နိုင်ရန်အတွက် အခက်အခဲများဖြစ်ပေါ်နိုင်ပါသဖြင့်လက်ရှိစီမံကိန်းတွင်တာဝန်ထမ်းဆောင်လျက် ရှိသော ဝန်ထမ်း (၄)ဦးအား ထပ်တိုး(၂) လခန့် ထပ်မံ ခန့်ထားပေးနိုင်ပါရန်နှင့် လိုအပ်သလို လမ်းညွှန်မှုပြုနိုင်ပါရန် အကြံပြုတင်ပြအပ်ပါသည်။

ကျွန်းစုမြို့နယ်၏ စီမံကိန်းလုပ်ငန်းခွဲများ လုပ်ဆောင်နေသော ကျေးရွာအုပ်စု(၂၀)အုပ်စုရှိသည့်အနက် စာရင်းစစ်ဆေးခံယူပြီးဖြစ်ပြီး ပထမအကြိမ်(၈)အုပ်စုမှာ ဘဏ်စာရင်းပိတ်သိမ်းပြီးဖြစ်၍ ကျန်(၁၂)အုပ်စုမှာ (၆)အုပ်စုပိတ်သိမ်းပြီး (၆)အုပ်စုမှာ **COVID-19** ရောဂါဖြစ်ပွား နေမှု ကြောင့်သွားလာရန်အတွက် အမြန်ရေယာဉ် များထွက်ရှိခြင်းမရှိပါသဖြင့် ပိတ်သိမ်းရန် ကျန်ရှိနေပါသည်။

## ပူတာအိုမြို့နယ်

ဆောက်လုပ်ရေးပစ္စည်း သယ်ယူစရိတ်များပြားခြင်းကြောင့် ကျေးရွာအုပ်စုများ ကိုရန်ပုံငွေပိုမိုချထားပေးရန် လိုအပ်ပါသည်။ ယခုအခါ COVID – 19 ကပ်ရောဂါအခြေနေ ကြောင့်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြန့်ကြာမှုများ ကြုံတွေ့ရသည်။ တတိယနှစ်စီမံကိန်းစက်ဝန်းကာလကို တိုးမြှင့်သတ်မှတ်ခြင်း၊ လူစုဝေးရန်မလိုသော Training Design များကို Union Training Team က ပြောင်းလဲရေးဆွဲခြင်း နှင့် အချိန်ယူရသည့် စီမံကိန်း လုပ်ငန်းစဉ်များကို (ဥပမာ-စျေးနှုန်းစုံစမ်းပြီး ၇ ရက်အကြာမှ ကုန်ပစ္စည်းဝယ်ယူနိုင်သော ဝယ်ယူရေးလုပ်ငန်းစဉ်) အချိန်ပြောင်းလဲသတ်မှတ်ပေးသော ညွှန်ကြားချက်များ ချထားပေးလျှင်စီမံကိန်းစက်ဝန်း၏ ကုန်ဆုံးသွားသော အချိန်များကို ပြန်လည်ကုစားနိုင်မည် ဖြစ်ပါသည်။

## ကြာအင်းဆိပ်ကြီးမြို့နယ်

ကျေးရွာများရှိ စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ( ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ) သက်ဆိုင်ရာ နယ်မြေခံအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်းအားထပ်မံညှိနှိုင်းဆောင်ရွက်ပေးခြင်း နှင့် ကျေးရွာများသို့ကွင်းဆင်းဆောင်ရွက်မည့် Cfs,Tfs များအတွက် Mask, Hand Gel များလုံလောက်စွာဖြည့်ဆည်းပေးရန်အကြံပေးတင်ပြအပ်ပါသည်။

## လှိုင်းဘွဲ့မြို့နယ်

ရှမ်းရွာသစ်မြို့နယ် KNU ဆက်ဆံရေးတာဝန်ရှိသူများနှင့် မြို့နယ်ကျေးလက်ဦးစီး၏ ပုံမှန်တွေ့ဆုံညှိနှိုင်းခြင်းအစီအစဉ်တွင် ပြည်နယ်၊ ရုံးချုပ်တို့မှ ပံ့ပိုးအားဖြည့်စေ လိုပါသည်။

စီမံကိန်း ပထမနှစ်စက်ဝန်းမှ စ၍ KNU ဝင်ခွင့်မပြုသေးသော ကျေးရွာအုပ်စု (၄)အုပ်စု (တာလယ်၊ ဝင်းစော၊ မဲလရော၊ ရေတံခွန်) ကျန်ရှိနေပါသည်။ ထိုကျေးရွာအုပ်စုများတွင် စီမံကိန်းဆောင်ရွက်နိုင်ရေး အတွက် မြို့နယ် TPIC အဖွဲ့ဝင်များ, လွှတ်တော်ကိုယ်စား လှယ်များ၊ ပြည်နယ်ကျေးလက်တာဝန်ရှိသူ များမှ အင်အားဖြည့် ပူးပေါင်း၍ KNU နှင့် တွေ့ညှိနှိုင်း ပေးစေလိုပါသည်။

မြို့နယ်များတွင် Covid 19 ကူးစက်မြန်ကာလအတွင်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ရာတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာရာအိမ်မှူးများ၏ ခွင့်ပြုချက်ရယူ ပြီးမှသာလုပ်ငန်းအကောင်အထည်ဖော်သင့်ပါသည်။ မြို့နယ်၏ ပျက်စီး၊ ပျောက်ဆုံးသော Tablet များကို Union မှ အချိန်မှီ ပြန်လည် ဖြည့်စည်းပေး စေလိုပါသည်။

**ကော့ကရိတ်မြို့နယ်**

စီမံကိန်းကျေးရွာများရှိကော်မတီဝင်များ အမြင်ပွင့်၊ ဗဟုသုတတိုးပွားလာစေရန် အခြား မြို့နယ်များသို့ လေ့လာရေးခရီးပို့ပေးစေလိုပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ဒေသတွင်းဖြစ်ပေါ်နေသော စစ်ရေးလှုပ်ရှားမှုအခြေအနေအပြင် အထူးသဖြင့် လတ် တလော ဖြစ် ပေါ်နေသော ကိုဗစ်-၁၉ စည်းကမ်းများ မြို့နယ်မှချမှတ်ထားလျှက်ရှိကာ ဝန်ထမ်းများ ခရီးသွား လာမှုများ အခက်အခဲကြုံတွေ့ နေပါသည်။ လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်ရန် အတွက် လည်းအခက်အခဲရှိနေပါသည်။ လုပ်ငန်းလုပ်ဆောင်ရန်စီစဉ်ထားသော အစီအစဉ်များ နောက်ကျမှု များ ရှိနိုင်ပါမည်။

**၁၇။ နောက်သုံးလပတ် ဆောင်ရွက်ရမည့်အချက်များ**

**မြို့နယ်အဆင့်**

(က) စီမံကိန်းမြို့နယ် အနေဖြင့် ကျားမရေးရာ အစီရင်ခံစာများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးသို့ ပုံမှန်တင်ပြရန်အပြင် ပြည်ထောင်စု အဆင့်သို့လည်း တင်ပြရန်

(ခ) **Labour report** အား **M&E focal** နှင့် ပူးပေါင်း၍ ပြည်နယ်တိုင်းဒေသကြီးသို့ တင်ပြရန်

(ဂ) ကျေးရွာအုပ်စု နှင့် ကျေးရွာအဆင့် တို့အတွက် ကော်မတီဝင်များအား ကျားမရေးရာ သင်တန်းများပေးရန် **CSAG** နှင့် **DRD** မှ ဦးစီးဆောင်ရွက်ရန်

(ဃ) **CF** များအားလုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်းပေးရန်

(င) အမျိုးသမီးကော်မတီဝင်များ၏ စုဆောင်းရရှိလာသော အချက်အလက်များအား **political role** အဖြစ်ပြောင်းရန်

(စ) ကျေးရွာ လူထုစစ်ဆေးပွဲမှ တွေ့ရှိရသော ကျားမရေးရာဆိုင်ရာ ပူးပေါင်းပါဝင်မှု တွေ့ရှိချက်များကို ဝေမျှရန်

**ပြည်နယ်တိုင်းအဆင့်**

(က) လစဉ်အစီရင်ခံစာအား ပြည်ထောင်စု အဆင့်သို့ မပြတ်တင်ပြရန်

(ခ) ကျေးရွာ အဆင့်များတွင် ကျားမရေးရာအသိအမြင် ဗဟုသုတ မြင့်မားကွယ်ဂလာရေး ဆောင်ရွက်ရန်

(ဂ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာမှ အောင်မြင်စွာ ဆောင်ရွက်ခဲ့သော ဖြစ်ရပ် များအား ရှာဖွေစုဆောင်းရင်းဖြင့် စောင့်ကြည့်ကြီးကြပ်ရေး ခရီးစဉ်များအား မြို့နယ်အဆင့် **TA/DRD** များနှင့် ပူးပေါင်းပြီး မပြတ်သွားလာ ဆောင်ရွက်ရုံသာမက ပြည်ထောင်စုအဆင့် သို့တင်ပြရန်

**ပြည်ထောင်စုအဆင့်**

(က) **NCDDP** ၏ မြို့နယ်သစ် (၁၃) မြို့နယ် အတွက် အလုပ်ရုံ ဆွေးနွေးပွဲများတွင် ပါဝင်ရန်။

(ခ) ၃လပတ်အစီရင်ခံစာရှိ လိုအပ်သည်များအား အခါအားလျော်စွာ မြို့နယ် **TA/DRD** ကျား၊ မရေးရာ အဓိကဆောင်ရွက်သူများနှင့် ထပ်မံဆွေးနွေးမှုများ၊ ပြန်လည် ဆန်းစစ်မှုများ ပြုလုပ်ရန်။

(ဂ) မြို့နယ်များ၌ ရေထောက်ပံ့ရေး စီမံကိန်းလုပ်ငန်းခွဲများအတွက် အချက်အလက်များ စုဆောင်းနိုင်ရန် စောင့်ကြည့်ကြီးကြပ်ရေး ညွှန်းကိန်းများအား မျှဝေတင်ပြရန်

(ဃ) ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ခြင်းအစည်းအဝေးအား ကျင်းပြု လုပ်မည်။

**ဝန်ထမ်းများဖွဲ့စည်းမှု နှင့် စီမံခန့်ခွဲမှု**

(က) သုံးလပတ် သုံးသပ်ခြင်းအစည်းအဝေးအား COVID-19ရောဂါအခြေအနေကြောင့် ပြည်နယ်/တိုင်းနှင့် မြို့နယ်များအား Video Conferencing စနစ်ဖြင့် အောက်တိုဘာလတွင် ဆက်လက်ပြု လုပ်မည် ဖြစ်ပါသည်။

(ခ) ဝန်ထမ်း အင်အားစာရင်းအား ဇယားဖြင့် ဖော်ပြထားပါသည်။

**ဇယား ၁။ ၃၀/၉/၂၀၂၀ အထိ NCDDP မှ အစီအစဉ်ရေးဆွဲထားသော စီမံကိန်းလုပ်ငန်းခွဲများ၏ ကဏ္ဍအလိုက်ခွဲဝေမှုပြဇယား**

| Sector | Year 1 (2013/14) | | Year 2 (2014/15) | | Year 3 (2015/16) | | Year 4 (2016/17) | | Year 5 (2017/8) | | Year 6 (2018/19) | | Year 7 (2019/20) | | Cumulative (Yrs 1 - 7) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | # | % | # | % | # | # | % | % | # | % | # | % | # | % | # | % |
| Transport | 126 | 34.2% | 684 | 43.4% | 2,299 | 48.56% | 4,288 | 55.8% | 5,901 | 63.6% | 4,676 | 54.0% | 1,816 | 49.9% | 19,790 | 55.1% |
| Water Supply & Sanitation | 69 | 23.0% | 229 | 14.5% | 978 | 20.66% | 1,157 | 15.1% | 756 | 8.2% | 667 | 7.7% | 270 | 7.4% | 4,126 | 11.5% |
| Education | 118 | 32.8% | 448 | 28.4% | 966 | 4.41% | 1,065 | 13.9% | 1,128 | 12.2% | 973 | 11.2% | 433 | 11.9% | 5,131 | 14.3% |
| Electrification | 26 | 4.2% | 123 | 7.8% | 209 | 4.06% | 488 | 6.4% | 672 | 7.2% | 1,073 | 12.4% | 434 | 11.9% | 3,025 | 8.4% |
| Community Facilities | 15 | 3.1% | 65 | 4.1% | 192 | 0.70% | 478 | 6.2% | 612 | 6.6% | 850 | 9.8% | 409 | 11.2% | 2,621 | 7.3% |
| Health | - | 0.3% | 8 | 0.5% | 33 | 0.70% | 31 | 0.4% | 37 | 0.4% | 21 | 0.2% | 13 | 0.4% | 143 | 0.4% |
| Other | 3 | 2.5% | 21 | 1.3% | 57 | 1.20% | 175 | 2.3% | 169 | 1.8% | 393 | 4.5% | 265 | 7.3% | 1,083 | 3.0% |
| | | | | | | | | | | | | | | | | |
| Total | 357 | 100% | 1,578 | 100% | 4,734 | 100% | 7,682 | 100% | 9,275 | 100% | 8,653 | 100% | 3,640 | 100% | 35,919 | 100.00% |

ဇယား ၂။ ၂၀၂၀ခုနှစ်၊ စက်တင်ဘာလကုန်ထိရလဒ်Matrixညွှန်ကိန်းများအကျဉ်းချုပ်ဇယား

| Development Objective Indicators | | Yr 1<br>2013/14 | Yr 2<br>201415 | Yr 3<br>2015/16 | Yr 4<br>2016/17 | Yr 5<br>2017/18 | Yr 6<br>2018/19 | Yr 7<br>2019/20 | Cumulative | Target<br>(to<br>30/11/2021) |
|---|---|---|---|---|---|---|---|---|---|---|
| 1.1 | Direct beneficiaries by year (# tns) | 246,644 (3 tns) | 692,096 (6 tns) | 2,364,252 (18 tns) | 2,291,331 (20 tns) | 1,680,925 (16 ttns) | No additions | No additions | | |
| | cumulative (# tns) | 246,644 (3 tns) | 938,740 (9 tns) | 3,302,992 (27 tns) | 5,594,323 (47 tns) | 7,275,248 (63 tns) | 7,275,248 (63 tns) | 7,275,248 (63 tns) | 7,275,248 (63 tns) | 4,000,000 63 |
| 1.2 | % female beneficiaries | 51.90% | 51% | 51.50% | 50.70% | 51.50% | 51.80% | 51.90% | 51.47% | |
| 1.3 | # persons having access to and use of project-built infrastructure and services | 204,527 | 621,361 | 2,042,112 | 2,120,302 | 1,571,558 | 1,571,558 | 1,571,558 | 6,559,860 | 4,000,000 |
| 1.4 | % households in project villages participating in planning, decision-making, and implementation of sps | 56% | 58% | 65 % | 61% | 61.2% | 62.65% | 57.13% | 60.14% | 50%% |
| 1.5 | % community members satisfied with the project | 90% | 78.8% | 82% | 94% | 95% | 97% | 97% | 90.54% | 80%% |
| 1.6 | CFA Participation | | | | | | | | | |
| | •Total CFA labour paid out (MMK billion) | 0.45 | 1.46 | 4.97 | 8.32 | 12.39 | 15.43 | 3.26 | 46.28 | |
| | •Total # of labour days provided | 0.10 mill. | 0.32 mill. | 0.86 mill. | 1.58 mill. | 2.13 mill. | 2.78 mill. | 0.46 mill. | 8.23mill | |
| | •CFA wages payments as % of sub-project costs | n.a | 15% | 16.6% | 18% | 16% | 17% | 16.5% | 14.2% | |
